

## ဂျေးလ်ဆယ်လီကျော်ဝင်း

အမည်ရင်းမှာ ဦးကျော်ဝင်းဖြစ်သည်။ ဦးလှကျော်-ဒေါ်ဖွားသိုက်တို့မှ ၁၉၅၉ခုနှစ်၊ ဒီဇင်ဘာလ ၁၄ရက်တွင်မကွေးတိုင်း၊ ပွင့်ဖြူမြို့၌ မွေးဖွားသည်။ ၁၉၇၈ခုနှစ်တွင် ရန်ကုန်မြို့၊ အထက(၁)လမ်းမတော်မှ အခြေခံပညာအထက်တန်းအောင်မြင်ခဲ့သည်။ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီးတိရစ္ဆာန်ဆေးပညာဘွဲ့ကိုရရှိခဲ့သည်။ ၁၉၈၅ခုနှစ်၊ ဒီဇင်ဘာလတွင် အကျဉ်းဦးစီးဌာန တပ်သားအဖြစ် စတင်ဝင်ရောက်ခဲ့သည်။ ၁၉၈၇ခုနှစ်၊ မေလတွင်ထောင်မှူးအဆင့်သို့ တိုးမြှင့်ခံရသည်။ ကျိုက်စကော ဝက်မွေးမြူရေးစခန်း၊ ရာဇဂြိုလ်(၂)စခန်း၊ သရက်အကျဉ်းထောင်၊ မန္တလေးဗဟိုအကျဉ်းထောင်တို့တွင် တာဝန်ခံအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းထောင်အုပ်စု ညွှန်ကြားရေးမှူးတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလတွင် မန္တလေးတိုင်း ထောင်အုပ်စု ညွှန်ကြားရေးမှူးရာထူးမှ သက်ပြည့်အငြိမ်းစားယူခဲ့သည်။ ရန်ကုန်မြို့၊ အမှတ်(၉၃၆)၊ နဝဒေးလမ်း၊ ၁၀မိုင်တွင် ဇနီး ဒေါ်ဆန်းဆန်းမြင့်၊ သမီးမမိုးပွင့်ဖြူ၊ မချောစုသူဇာတို့နှင့်အတူနေထိုင်ရင်း စာပေများရေးသားလျက်ရှိသည်။

## ထောင်ဆိုတာ ငြိမ်နေရင်ကြောက်ဖို့ကောင်းတယ်

ဂျေးလ်ဆယ်လီကျော်ဝင်း

* အစရဲ့နိဒါန်း
* ပညာသင်ဘဝ
* လွတ်လပ်ခြင်းရဲ့ အရသာ
* ပျော်တာပေါ့အမေရယ်
* ထောင်ဆိုတာ ငြိမ်နေရင်ကြောက်ဖို့ကောင်းတယ်
* တစ်ပိုင်းတစ်စနိဂုံး





## ခင်မောင်ထွန်း(အကျဉ်းဦးစီး)

အဘ ဦးထွန်းရွှေ အမိ ဒေါ်ခင်သန်းတို့မှ သရက်မြို့တွင် (၂-၈-၁၉၅၉)ရက်နေ့၌ မွေးဖွားခဲ့ပါသည်။ အကျဉ်းဦးစီးဌာနသို့ ၁၉၇၉ ခုနှစ် မတ်လ(၃၁)ရက်နေ့တွင်တပ်သားအဆင့်ဖြင့် စတင်ဝင်ရောက်ထမ်းဆောင်ခဲ့သည်။(၁၀)တန်းကို တာဝန်ထမ်းဆောင်နေစဉ် ဆက်လက်ဖြေဆိုခဲ့ပြီး(၆)နှစ်မြောက်မှအောင်မြင်ခဲ့ကာဆက်လက်၍ ဝိဇ္ဇာဘွဲ့ကို သမိုင်းအဓိကဖြင့် ရရှိခဲ့ပါသည်။

၁၉၈၅ ခုနှစ် ဩဂုတ်လ(၇)ရက်တွင် ထောင်မှူးအဆင့်သို့ တိုးမြှင့်ရရှိခဲ့ပြီး၊ အကျဉ်းဦးစီးဌာနတွင်နှစ်ပေါင်း(၄၀)အထိတာဝန်ထမ်းဆောင်ခဲ့ကာ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့ပါသည်။အကျဉ်းဦးစီးဌာန၏သမိုင်းမှတ်တမ်းအစိတ်အပိုင်းအနေဖြင့် ကိုယ်တိုင်တွေ့ကြုံခဲ့ရသောအတွေ့အကြုံများကိုအခြေပြုပြီး စာပေများရေးသားလျက်ရှိပါသည်။



## ထောင်မှူးကြီးကိုကို

အမည်ရင်း ဦးလှရွှေဖြစ်ပြီး အဘ ဦးမောင်ကို အမိ ဒေါ်တင်အေးတို့မှ ၁၉၅၆ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့ တံတားလည်ရပ်ကွက်၌ မွေးဖွားခဲ့ပါသည်။ ၁၅-၁-၁၉၇၇ နေ့တွင် အကျဉ်းဦးစီးဌာနသို့ စာရေးဝန်ထမ်းအဆင့် ၁ (အောက်တန်းစာရေး) ရာထူးဖြင့် စတင်ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ရုံးအုပ်တာဝန်ဝတ္တရားအထိ(၁၇)နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၉၄ ခုနှစ်တွင် ထောင်မှူးရာထူးသို့ တိုးမြှင့်ခြင်းခံခဲ့ရပြီး၂၀၀၉ ခုနှစ်တွင် လုပ်သက်(၃၂)နှစ်၊ ထောင်မှူးကြီးရာထူးဖြင့် အငြိမ်းစားယူခဲ့ပါသည်။ လုပ်သက်(၃၂)နှစ်အတွင်း ဘဝအတွေ့အကြုံများနှင့် ပတ်သက်၍ စာပေများ ရေးသားလျက်ရှိပါသည်။